# ဩကာသသမိုင်း

အရှင်ဘုရား ..
ဩကာသကန်တော့ချိုးကို မည်သည့် အချိန် အခါမှ စတင်၍ မည်သည့် ဆရာတော်ကြီးများက ရေးစပ်ခဲ့သည်ကို သိလိုပါသည် အရှင်ဘုရား။ ဩကာသကန့်တော့ချိုး မတိုင်ခင် လူအများ မည့်သည့် ကန်တော့ချိုးဖြင့် ရှတ်ဆို ကန်တော့ကြပါသလဲ ဘုရား။ ကရုဏာ ရှေ့ထား မေတ္တာအားဖြင့် အခါအခွင့်သင့်ပါက ဖြေကြားပေးတော်မူပါရန် ရိုသေစွာ တောင်းပန် လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

သန်းထွန်း

---

## အစောဆုံးပုံစံ

'သရဏဂုံနှင့် အကွ ပဉ္စသီကို ရှေးဦးစွာ ဆိုပေအံ့။ ဩကာသ ဩကာသ ဩကာသ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ၊ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ယာစာမ။ ဒုတိယမ္ပိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ၊ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ယာစာမိ။ တတိယမ္ပိ .. ဤကား သီတင်းတောငးတည်း .. ထိုသီတင်းတောင်းရာ၌ ဩကာသ သုံးကြိမ် ဆိုသညကား အခွင့် တောင်းသဖြင့် အရိုအသေသာ ဆိုသတည်း (ယသဝဍ္ဍနဝတ္ထုကျမ်း။ စာ၊ ၃၉၈–၄၀၀)'။

တောင်ဖီလာဆရာတော်ဟာ ဒီကျမးကို မြန်မာ ၉၈၁–ခုနှစ် ရေးပြီးလို့ ကျမ်းရဲ့ သက်တမ်း ၃၉၆–နှစ် (ယခု ၁၃၇၇)။ ဘုန်းကြီး လေ့လာမိသမျှ သရဏဂုံနဲ့ ငါးပါးသီလ ဆောက်တည်ပုံကို ဖော်ပြတဲ့ အစောဆုံး ကျမ်းပဲ။

အနုဂ္ဂဟံ ကတွာ–မှာ ဆိုသူရဲ့ ဆန္ဒအရ အလေးဂရု ပြုစေရန်သာ ဖြစ်ပြီး ကျမ်းဂန်လာ မဟုတ်လို့ ထည့် မထည့် နှစ်မျိုးလုံး သင့်ကြောင်း၊ အချို့ ပညာရှိများမှာ 'ဝိသုံ ဝိသုံ ရက္ခဏတ္ထာယ'ထည့်၍ တောင်းစေကြောင်း စသည် ဖော်ပြထားတာကို ထောက်ရင် အဲဒီ ခေတ်က သရဏဂုံနဲ့ ငါးပါးသီလ တောင်းပုံပါဠိဟာ တစ်ဆရာ တစ်မျိုးစီ ဖြစ်ပုံရတယ်။ ဆရာတော်ဟာ ငါးပါးသီလ ခံယူပုံကို အသေးစိတ် ရှင်းပြပါလျက် ဩကာသ သုံးလုံးရဲ့နောက်မှာ ကန်တော့ချိုး စာပိုဒ်ကို မဖော်ပြတာဟာ ထိုခေတ်က အတော်အတန် ပုံစံကျ ဩကာသ ဆိုရိုးတစ်ခု မရှိသေး၍လားလို့ စဉ်းစားဖွယ်ပါ။

## သုဇနာရဟ

စန္ဒာဗလ သူမြတ် ရေးတဲ့ သုဇနာရဟကျမ်းမှာ 'ပဉ္စသီနှင့် တကွ တောင်းသောကား .. အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ယာစာမိ။ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ ဒုတိယမ္ပိ တတိယမ္ပိ ထည့်၍ သုံးကြိမ် တောင်းအပ်၏ (ပေမူ၊ ကူ–ကျော)'လို့ ဖော်ပြပါတယ်။ ကျမ်းပြီးနှစ် မသိရပေမယ့် မြန်မာနှစ် ၁၁၄၄–ခုနှစ်မှာ ပေမူကို ရေးကူးပြီးလို့ ပေသက် ၂၃၃–နှစ်ရှိပြီ။ သရဏဂုံနဲ့ ငါးပါးသီလအကြောင်း အကျယ်ဖွင့်ဆို ရေးသားတဲ့ ကျမ်းစာ ဖြစ်ပါတယ်။ ပေစာ စာမျက်နှာ ၁၇၇ ရှိတယ်။ ပိဋကတ်တော်သမိုင်းရဲ့ ကျမ်းစာ စာရင်းမှာတော့ ဒီကျမ်းကို မတွေ့မိ။ အတောအတန် ရှေးကျဖွယ် ရှိတဲ့ ဒီကျမ်းမှာ သရဏဂုံ သက်သက်တောင်း၊ သရဏဂုံနဲ့ ငါးပါးသီလတွဲပြီး တောင်းပုံတွေကို ဖော်ပြပေမယ့် ဩကာသဆိုတဲ စကားလုံး မပါဘူး။

## ဩကာသအဖွင့်များ

မြောင်းမြခရိုင် မြေနီကုန်းရွာမှာ သီတင်းသုံးတဲ့ အရှင်အာဒိစ္စရံသီ ဘွဲ့အမည်ရှိ ဆရာတော်က ဩကာသာဒိဝိနိစ္ဆယဒီပနီကျမ်းကို မြန်မာ ၁၂၅၁–ခုနှစ် ရေးပြီးပါတယ်။ ဆရာတော်ဟာ မိမိ ဖွင့်ဆိုမယ့် ဩကာသကန်တောချိုးကို အပြည့်အစုံ ဖော်ပြပြီးနောက် အောက်ပါအတိုင်း မှတ်ချက် ပြုပါတယ် ..

> 'ပုဗ္ဗာစရိယ ဆရာတော် ဘုရားကြီးတို့သည် ရတနာသုံးပါးကို ဆည်းကပ် ဝတ်ပြုသောကာလ ဤအတိုင်း သင်ကြား ပြသတော်မူကြကုန်၏။ မြန်မာတိုင်းပြည် အထက်နိုင်ငံ၌လည်း ဤသဒ္ဒါ အစဉ်အတိုင်းများစွာသော ရှင်လူအပေါင်းတို့သည် ဤဆိုခဲ့သည့် အတိုင်းပင် ရကြကုန်၏။ အောက်နိုင်ငံ၌လည်း အသက်ကြီးသော ဥပါသကာ ဥပါသိကာတို့သည် လည်းကောင်း၊ အသက် ငယ်သော်လည်း ဆရာကောင်းကို ကျနမှန်ကန်စွာ ရကြသော သူတို့သည် လည်းကောင်း၊ ဤအတိုင်းပင် ရကြ၏။ ထို့ကြောင့် ဤသဒ္ဒါ အစဉ်ကိုသာလျှင် သံဝဏ္ဏောတဗ္ဗ ပြုလျက် မြတ်နိုးစွာ ဖွင့်ဆိုပါအံ့ (ပေမူ၊ ကမ်းအစမှာ ကြည့်)'။

ဆရာတော်ရဲ့ အမာစကားကို ကြည့်ရင် ဩကာသနဲ့ ပတ်သက်ပြီး မူကွဲခြင်း၊ သို့မဟုတ် သဘောထား ကွဲပြားခြင်းတစ်ရပ် ရှိနေရိပ် ထင်တယ်။ ဒါကြောင့်ပဲ အဆုံးအဖြတ်ဆိုတာကို ရေးတာပေ့ါ။ ဆရာတော် ဖော်ပြတဲ့ ဩကာသမူမှာ '.. သံဃာရတနာ တည်းဟူသော' 'ဤသို့ ရခိုးပူဇော်ဖူးမြော်မာန်လျှော့' ဆိုတဲ့ စာသားများ ပိုတာ၊ ဗျသနတရား ငါးပါး မပါတာ၊ ကန်တော့ပါ၏ .. ရပါလို၏ .. ရဲ့ နောက်မှာ အရှင်ဘုရား ဆိုတဲ့ စကားလုံးတွေ မပါတာဟာ ယနေ့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ပြဋ္ဌာန်းထားတဲ့ မူနဲ့ ခြားနားတဲ့ အချက်ပါပဲ။

ဒါ့အပြင် ဆရာတော ဦးနန္ဒဝံသ ရေးတဲ့ 'သြကာသဒီဝိဘာဝနီကျမ်း' (၁၂၆၂–ခုနှစ် ရေးပြီး) မှာလည်း သြကာသ ကန်တော့ချိုးကို သူမူ သူ့ဟန်နဲ့ ဖော်ပြပြီး ရေးသား ဖွင့်ဆိုတာကို တွေ့နိုင်တယ်။

ဒါပေမယ့် ဒီကျမ်းတွေမှာ ၎င်းတို့ ဖွင့်ဆိုမယ့် သြကာသ ကန်တော့ချိုးကို ဘယ်သူရေးတယ် ဘယ်တုန်းက ရေးတယ် ဆိုတာကို မဖွင့်ပြကြဘူး။

**ရှင်အရဟံလော**

အချို့က သြကာသကို ပုဂံသာသနာပြု ရှင်အရဟံ ရေးပြီး အနော်ရထာမင်းကြီး အသုံးပြုခဲ့တယ်လို့ ရေးသားကြတာကို (အင်တာနက် စာမျက်မှာ) ဖတ်ရတယ်။ ပုဂံခေတ်ဦးမှာ မြန်မာစာ အရေးအသားက 'မြန်န္မာ တောင်ကျချောင်းတေး၊ ဝတိံသာလော နန္မာလော၊ တူစွ ဟုတ္ထာ'မျှ ဖြစ်လို့ ယုံရခက်သား။ သြကာသနဲ့ ရှင်အရဟံ ပတ်သက်မှုကို ပါဠိဆရာကြီး ဆညာဏ်က 'ထိုရေးသားချက်သည် (သြကာသ) ဘုရားရှိခိုးအတွက် လေးနက်စေလိုသဖြင့် ဂုဏ်တင်ကာ သရုပ်ဆောင် ရေးသားချက်လည်း ဖြစ်နိုင်၏ (မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁၅)'တဲ့။ ပုဂံခေတ် ကျောက်စာတွေက သြကာသ သဲလွန်စ ရတဲ့အချိန်ကျမှ လက်ခံရမှာပေါ့။ မွန်ထုံးစံ မွန်ဘာသာ ကျမ်းစာတွေကလည်း သဲလွန်စ ရနိုင်လောက်တယ်။

ဘုန်းကြီး ဖော်ပြနင်တဲ့ အထက်ပါ သဲလွန်စတွေ လောက်နဲ့တော့ သြကာသကို ဘယ်တုန်းက ဘယ်သူ ရေးခဲ့တယ် ဆိုတာကို အတိအကျ မပြောနိုင်။ သြကာသ မရှိခင်က မည်သို့ ဆိုရိုးပြုပြီး ကန်တော့တယ် ဆိုတာကိုလည်း မသိနိုင်သေးပါ။

**တွေးမိတာလေး**

ဘုန်းကြီး တွေးမိတာလေး တင်ပြရရင် ..

အလွန် ရှေးကျတဲ့ အချိန်ကပင် ရတနာသုံးပါးကို ကန်တော့ ရှိခိုးရင် ဖြစ်စေ၊ သရဏဂုံနဲ့ သီလတောင်းရင် ဖြစ်စေ သြကာသ စကားလုံးကို သုံးကြိမ် ရှေးကခံပြီး ကန်တော့ ရှိခိုးသူရဲ့ ဆန္ဒအရ (စာလို .. ဝတ္တုဇ္ဈာ အရ) နှုတ်မြွက် ရွတ်ဆိုခဲ့ကြတာ ဖြစ်လို့ အဦးပိုင်းမှာ ဆိုပုံ အမျိုးမျိုး ရှိနိုင်တယ်။ နောက်ပိုင်းမှာ ကန်တော့ တောင်းပန်ဖို့ အဓိက ထားပြီး ပညာရှိ တစ်ဦးဦးက ကနဦး သြကာသ ကန်တော့ချိုး (ဖြစ်ဖွယ်ရှိတဲ့) ဆိုရိုးတစ်ခုကို စီစဉ်ခဲ့ဖွယ် ရှိပြီး တဖြည်းဖြည်း အသုံးများလာခြင်း ဖြစ်ဖွယ် ရှိတယ်။ ကျမ်းဂန်ထွက် မဟုတ်လို့ မူတွေတော့ ကွဲပြားတာပေါ့။

ဒီလိုနဲ့ ကုန်းဘောင်ခေတ် နှောင်းပိုင်းနဲ့ ကိုလိုနီခေတ်ဦး အကြားကာလမှာ ယပ်လှဲတရားစာနဲ့ ယပ်လှဲ နယ်လှည့်ဓမ္မကထိကတွေ (ဥပမာ .. လယ်လီဆရာတော်၊ ဆရာတော် ဦး ဥေယျ စသည် ..)ကြောင့် လူစုလူဝေး တရားပွဲတွေ များလာတာနဲ့ အမျှ သြကာသ ဆိုရိုးလည်း ပိုပြီး တိုးတက်လာဖွယ် ရှိတယ်။ တစ်ချိန်တည်း လောက်မှာ ရှိခိုးကန်တော့တဲ့အခါ ကာယကံ ဝစီကံလို့ ဆိုရမယ် သို့မဟုတ် ကာယဒွါရ ဝစီဒွါရလို့ ဆိုရမယ် ဆိုတဲ့ ကံ ဒွါရ စကား စစ်ထိုးပွဲလည်း ဖြစ်ပြန်တော့ ပိုပြီး ခိုင်မာသွားတာပေါ့။

သြကာသ အဖွင့်ကျမ်းတွေ၊ အဆုံးအဖြတ် ကျမ်းတွေ ပေါ်လာတာဟာ အဲဒီ စစ်ထိုးပွဲတွေရဲ့ ရလာဒ် ဖြစ်နိုင်တယ်။ ကံဒွါရ ငြင်းခုံမှုကို နဲ့ကြိုးဆရာတော် စီရင်တဲ့ 'သမ္မောဟဆေဒနီ'ကျမ်းမှာ ဖတ်ရှုနိုင်တယ်။

ပြန်ချုပ်ရရင် .. သြကာသ ကန်တော့ချိုး မရှိခင်က ဆရာ သင်ပေး သို့မဟုတ် တိုင်ပေးတဲ့အတိုင်း ကိုယ့်ဆန္ဒနဲ့ကိုယ် ရှိခိုး ကန်တော့ခဲ့ကြဖွယ် ရှိတယ်။ ဒါကြောင့် သြကာသအစဟာ တစ်ကြောင်း တစ်ဂါထာကပ။ ရှေးကျဖွယ် ရှိပြီး ရေးသူ အတိအကျ မရှိ။ ခေတ်တစ်လျှောက် နည်းနည်းစီ ပြင်ဆင် ဖြည့်စွက်ကြလို့ လက်သည်မဲ့ ဘုံဆိုင် သြကာသကန်တော့ချိုး ဖြစ်လာတယ်လို့ ဘုန်းကြီး ယူဆကြောင်းပါ။ ❒

**စက်တင်ဘာ ၂၆၊ ၂၀၁၅။**

---

**မင်းမှာ သစ္စာ**

အမှန်အကန် ပြောဆိုခြင်း သစ္စာတရား၏ အကျိုးကြီးခြင်း၊ မမှန်မကန် ပြောဆိုခြင်း၏ အပြစ်ကြီးခြင်းကို သိကြကုန်သော အနောက်တိုင်း ပြည်ကြီးသားတို့သည် သစ္စာကို အလေးပြု သည်ဖြစ်၍ မည်ကဲ့သို့ စီရင်မည် စုံညီညှိနှိုင်း ဥပဒေထားမိလျှင် မတောင်းပန်နိုင်၊ အခွင့်မပေးနိုင် ဇောန်စီရင်ရသည်။

(ရာဇဓမ္မသင်္ဂဟကျမ်း၊ စာ–၂၀၅)